# စစ်မှန်သောငြိမ်းချမ်းရေးဆွေးနွေးပွဲအမြန်ပေါ် ပေါက်လာရန် ပြည်သူများ နှင့် နိုင်ငံတကာသို့ပန်ကြားချက်

လူမျိုးစုံပြည်သူများနှင့်မြန်မာပြည်အရေးတွင်ဝိုင်းကူပေးနေသောနိုင်ငံတကာအင်အားစုများခင်ဗျား-

သမ္မတဦးသိန်းစိန်သည် သမ္မတတာဝန်ကိုထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုသည့်အခမ်းအနားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓါတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓါတ် ထွန်းကားအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အတူ လွန်ခဲ့သောဩဂုတ်လ(၁၈)ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့မှ ကြေညာချက်အမှတ် (၁/၂၀၁၁)ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။ ဤသည်တို့မှာ သမ္မတဦးသိန်းစိန်ဦးဆောင်သောအစိုးရသစ်မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်လိုကြောင်း ပြသခဲ့သောလက္ခဏာများဖြစ်သည်။

မိမိတို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများသည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလိုလားပါသည်။ နှစ်ဖက်စလုံးမှလိုလားနေပါလျက် အဘယ်ကြောင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားနေရပြီး နှစ်ပေါင်း (၆၀)ကျော်လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ် နေရသနည်း။ စီစစ်ကြည့်ရန်လိုပါလိမ့်မည်။ မိမိတို့(UNFC)အဖွဲ့ဝင်များသည် ပြည်ထောင်စုမှခွဲထွက်ရန်ရုန်းကန်လှုပ်ရှားနေခြင်းမဟုတ်။ မိမိတို့လူမျိုးများ၏မွေးရာပါအမျိုးသားအခွင့်အရေးများဆုံးရှုံးနေရသဖြင့် ပြန်လည်ရရှိရန်ကြိုးပမ်းနေကြခြင်းသာဖြစ်ပါသည်။ ထိုသို့ကြိုးပမ်းကြရာတွင် ငြိမ်းချမ်းစွာတောင်းဆိုခဲ့ကြရာ အင်အားသုံးအရေးယူခြင်းခံရသဖြင့် မလွှဲမရှောင်သာ လက်နက်ကိုင်နေရခြင်းဖြစ်ပါသည်။ ဤသည်ကိုသိမြင်လက်ခံပါက ညှိနှိုင်းဖြေရှင်းရန်လွယ်ကူပါလိမ့်မည်။

ပြည်ထောင်စုမြန်မာနိုင်ငံခေါ် ဤနယ်မြေအဝန်းအဝိုင်းတွင်တိုင်းရင်းသားလူမျိုးများသည်သမိုင်းအဆက်ဆက်ကပင် ၎င်းတို့နယ်မြေ၊ ၎င်းတို့အုပ်ချုပ်မှုဖြင့်ထင်ရှားစွာနေထိုင်လာခဲ့ကြသည်။ အင်္ဂလိပ်ကိုလိုနီကျွန်ဘဝအောက်မှလွတ်မြောက်ရေးအတွက်လည်း စုပေါင်းပြီးတိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်သောပြည်ထောင်စုကိုလည်း ညှိနှိုင်းပြီးတည်ဆောက်ခဲ့ကြသည်။ သို့ပါလျက်နှင့် လွတ်လပ်ရေးရလာသောအခါ အာဏာရအစိုးရအဆက်ဆက်တို့သည် လူမျိုးရေးအရ ဗမာလူမျိုးကိုအခွင့်ထူးပေးထားပြီး ကျန်တိုင်းရင်းသားလူမျိုးများကို ဗမာလူမျိုး၏လက်အောက်ခံအဖြစ်ထားရှိကာ တိုင်းရင်းသားနယ်မြေရှိသဘာဝသယံဇာတများကိုသိမ်းပိုက်ထားရုံမက ၎င်းတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကိုလည်းနည်းမျိုးစုံဖြင့်ပိတ်ပင်ခဲ့သည်။ ဤသို့သောအခြေအနေကြောင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားနေရခြင်းဖြစ်ပါသည်။

စစ်မှန်ခိုင်မြဲသောတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမျိုးသားတန်းတူရေး၊ စစ်မှန်သောပြည်ထောင်စုတည်ဆောက်ရေးဖြင့်သာ တည်ဆောက်နိုင်မည်ဟု မိမိတို့မှယုံကြည်ပါသည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံရေးအရညှိနှိုင်းဆွေးနွေးပြီး နားလည်ကျေနပ်မှုအပေါ် ပြုပြင်ဖော်ဆောင်ပေးရန်လိုပါသည်။ မိမိတို့တိုင်းရင်းသားခေါင်းဆောင်များသည် ထိုအမြင်ဖြင့် ၁၉၆၁/၆၂ခုအတွင်းဒီမိုကရေစီနည်းအရကြိုးပမ်းခဲ့ကြ

ဘူးသည်။ ထိုကြိုးပမ်းမှုကိုအကြောင်းပြုပြီး စစ်တပ်မှအာဏာသိမ်းခဲ့သည်။ ၁၉၆၃-ခုနှစ်မှ ၂၀၁၀ အကြားတွင် အာဏာရအစိုးရတို့နှင့် အကြိမ်ကြိမ်တွေ့ဆုံတောင်းဆိုကြိုးပမ်းခဲ့သည်။ အာဏာရစစ်အစိုးရတို့သည် မိမိတို့အပေါ်လက်နက်အပ်ရေးနှင့် တပ်ဖျက်သိမ်းရေးကိုသာကြိုးပမ်းခဲ့ပြီး နိုင်ငံရေးအရ ပြေလည်ရာပြေလည်ကြောင်းညှိနှိုင်းဆွေးနွေးခြင်းမပြုခဲ့ပါ။ ဤသို့ဖြင့် ပြည်တွင်းစစ်သည်ရှည်ကြာလာနေရခြင်းဖြစ်ပါသည်။ ဤသို့ ရှည်ကြာနေသဖြင့်တိုင်းပြည်ဖွံ့ဖြိုးမှုနောက်ကျနေရပြီး ပြည်သူများလွန်ကဲစွာဒုက္ခရောက်နေကြရသည်။

ဤသည်ကိုသင်္ချာစာရယူ၍ သမ္မတဦးသိန်းစိန်အစိုးရမှ လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်ကမ်းလှမ်းလာခြင်းလော?။ သို့တည်းမဟုတ် အခြားရည်ရွယ်ချက်များကြောင့်လောဆိုသည်ကိုဆန်းစစ်ရန်လိုအပ်ပါသည်။ အစိုးရသစ်သည် နိုင်ငံရေးအရ ဤသို့ထုတ်ဖော်ပြောဆိုနေစဉ်တွင် မိမိတို့(UNFC)အဖွဲ့ဝင်ရှမ်းအမျိုးသားထုကိုကိုယ်စားပြုသော SSPP/SSA နှင့် ကချင်အမျိုးသားထုကိုကိုယ်စားပြုသော KIO/KIA အဖွဲ့တို့ကို လွန်ခဲ့သောလအချို့မှစတင်ပြီး ပြင်းထန်သောထိုးစစ်များပြုလုပ်လာသည်။ ယင်းထိုးစစ်ကြောင့် ယခုအထိတိုက်ပွဲပြင်းထန်နေဆဲဖြစ်ပြီး ဒေသခံပြည်သူများသည် စစ်ပြေးဒုက္ခသည်ဘဝ၊ စစ်ပွဲ၏မြေစာပင်ဘဝရောက်နေကြရသည်။ ထို့ကြောင့် သမ္မတဦးသိန်းစိန်၏တဖက်တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး အခြားတဖက်တွင်ထိုးစစ်ဆင်နေခြင်းမှာစေတနာဖြူစင်စွာဖြင့်ဖိတ်ခေါ်ခြင်းမဟုတ်ပါရဲ့လား သံသယများစွာဖြစ်စေပါသည်။ ဤအစိုးရ၏ထိုးစစ်များသည် တန်ဘိုးကြီးမားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုစေရန်သာဖြစ်ပြီး ၎င်းအတွက်မိမိတို့တိုင်းရင်းသားပြည်သူများအချင်းချင်းအကြား ရက်စက်ပြင်းထန်စွာ သတ်ဖြတ်နေကြရသည်မှာစိတ်မချမ်းမြေ့စရာများစွာဖြစ်စေပါသည်။ ဤသို့ဖြစ်နေသည်ကိုပင်မသိမမြင်နိုင်ပဲ အချို့သောအင်အားစုများက ယခုအစိုးရခေတ်တွင်ကြီးမားသောအပြောင်းအလဲဖြစ်လာနေပြီဟုပြောဆိုနေသည်တို့မှာ အထူးသတိထားရန်လိုအပ်ပါသည်။

ထို့ကြောင့်သမ္မတဦးသိန်းစိန်၏အစိုးရအဖွဲ့နှင့် မိမိတို့တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအကြားဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးအရအမြန်တွေ့ဆုံဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကိုလိုလားသောပြည်သူများနှင့် နိုင်ငံတကာအင်အားစုများမှ ဝိုင်းဝန်းကူညီတွန်းအားပေးစေလိုကြောင်း ပန်ကြားအပ်ပါသည်။

၁၃၇၃-ခုသီတင်းကျွတ်လဆန်း(၁၁)ရက် ဗဟိုအလုပ်အမှုဆောင်ကော်မီတီ၊

၂၀၁၁-ခုအောက်တိုဘာလ(၈)ရက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ။